# ယဉ်ယဉ်နု(မန္တလေး)

## အိပ်တန်းပြန် မုဒိတာငှက်များ



ဒုတိယအကြိမ်

# အိပ်တန်းပြန် ငှက်များ

ကျွတ်ကျွတ် ...... ခါးက ညောင်းလိုက်တာ။ တော်တော် အခြေအနေဆိုး နေတာပါလား။ ဘုရား ... ဘုရား.... ကယ်တော်မူပါ။ ခြေဆစ် လက်ဆစ် ကလေး တွေကလည်း တဆစ်ဆစ်ကိုက်၊ ဖယောင်းတိုင်လေးထွန်းပြီး ဦးစိုင်းကြီး လိမ်းဆေး ဘူးကလေး ရှာဦးမှ။ ဩော်.... ဆေးကလည်း ဘယ်နားမှာများ ထားပါလိမ့်။ အသက် ကကြီးလာတော့ မှတ်ဉာဏ်တွေက အမှားမှား အယွင်းယွင်းရယ်။ ခြေဆုပ်လက်နယ် ပြုမယ့် သားသမီးများကလည်း အမေ ဝယ်လာတဲ့ မုန့်ဟင်းခါးနဲ့ ထမင်းကို လုံးထွေး လုယက် စားကြပြီး ဗီဒီယို မော့ဖို့သွားကြပြီ။

ခုလို ဘဝနေဝင်ချိန်လေးရောက်မှတော့ အေးအေးချမ်းချမ်း ဇိမ်ရှိရှိလေး နေချင်လိုက်တာ။ အဲလေ.... ဇိမ်မရှိချင်နေပါစေ။ စားဖို့မပူရ၊ သောက်ဖို့မပူရ၊ ကိုယ်စားချင်တာလေး စားလို့၊ လှူချင်တာလေး လှူလို့၊ ဒီလိုနေရရင် တော်ပါပြီ။ ဒါပေမဲ့ တောင့်လည်း မတောင့်တချင်တော့ ပါဘူး။ တစ်သက်လုံး တောင့်တခဲ့သော သက်တမ်းနည်းမှမနည်းဘဲ။ ကျုပ် အသက် ၇၀ ကျော်ခဲ့ပြီ။ ဘယ်မှာ ပြည့်စုံခဲ့လို့လဲ။

သူတို့ကပဲ ညံ့လို့လား၊ ကျုပ်ကပဲ တော်လို့လား မသိ။ သားသမီးတွေ ရှိ လျက်နဲ့ ကျုပ်လို ၇၀ ကျော်က အုံ့မောင်နဲ့ ခင်ထားတို့ မောင်နှမကို ရှာကျွေးနေရ တယ်ဆိုတာ လူကြားလို့မှ မကောင်း။ နောက်ဆုံးတော့ ဝဋ်ကြွေးပေါ့လေ။ ငယ်ငယ် ကတည်းက ခေါင်းပေါ်က မချရတဲ့ ပဲပြုတ်တောင်း။ သူတို့အဖေနဲ့ ရခါစ ခဏပဲ ချရ တယ်။ အုံ့မောင်လည်း မွေးရောပြန်တင်ရတာ ပဲ။

ဒီလိုနဲ့ အကြီးကောင်၊ အငယ်မ ကြီးလာကြ၊ အလှူ အလှူ အိမ်ထောင်ကျ၊ ကိုဘမြိုင်ဆုံး၊ အနှစ် ၇၀ ဆိုတာ ဘာမှမကြာပါလား။ ဘုရား...

ဘုရား … ပြန်တွေးကြည့်ရင် မနေ့တစ်နေ့ကလိုပဲ။ ဒီကြားထဲမှာ ပျော်ပါးရတဲ့ကာလ ဆိုတာ ဘာမှမရှိ။ လောကဓံနှင့်ကိုယ်နဲ့ လုံးလားထွေးလား ဖြစ်။ အံ့မောင်က မိန်းမနဲ့ ကွဲ။ ကလေးတွေနဲ့ အိမ်ရောက်လာ။ ခင်ထား ကလေးတွေနဲ့ ရန်ဖြစ်။ ခင်ထားယော ကျာ်းနဲ့ အံ့မောင်နဲ့ အရက်သမား ချင်းရန်ဖြစ်။ ခင်ထားက အော်ဆဲ။

အလိုလေး …. ဆူလိုက်ပူလိုက်တဲ့အိမ်။ အိုမင်းရတဲ့အထဲ အရင်းမရှိလို့ ပဲပြုတ်ကလည်း မရောင်းနိုင်။ ပိုက်ဆံရှာရမယ့်သူတွေက ပိုက်ဆံရှာတဲ့ အလုပ်မလုပ် ဘဲ ရမ်းကားနေကြတော့ ကျုပ်ဖြင့် အိမ်မှာနေချင်စိတ်ကို တစ်စက်မှမရှိတော့ဘူး။ ဘယ်သူ သေကြ သေကြဟယ်ဆိုပြီး ပစ်ထားခဲ့တယ်။ ဘုရားကိုလာခဲ့တာ စိတ်က ထွေထွေရယ်။ ဒါပဲ အားကိုးစရာ ရှိတာလေ။ “ဗမာအို ဘုရားအို ဘုရားကြား” လို့ စာဆိုရှိသမို့လား။

ဘုရားစာလည်း ဟုတ်တိပတ်တိ မရပါဘူး။ ဘုရားရှေ့မှာထိုင်ပြီး ကျုပ် အကြာကြီး ဘုရားကို ငေးကြည့်နေမိတယ်။ အေးချမ်းလိုက်တာ။ ဘုရားမျက်နှာ တော်ကို အကြာကြီး ဖူးဝတော့မှ ထထွက်လာခဲ့တယ်။ အိမ် မပြန်ချင်သေးဘူး။ လေ ကလေး တဖြူးဖြူးနဲ့ လိပ်ကန်စောင်းတန်းထဲ အသာလေး ဝင်ထိုင်နေလိုက်တာ။ ပါလာတဲ့ ဖိနပ်လေး ဖင်ခုပြီး ဟိုငေး ဒီငေးပေါ့။ အဲသည်အချိန်မှာ ကျုပ်အတွက် ထူးခြားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်သွားခဲ့တာပဲ။

သပ်သပ်ရပ်ရပ် သားသားနားနား ဝတ်စားထားတဲ့ အံ့မောင်တို့ အရွယ် ကလေးတစ်ယောက်လေ။ ကျုပ်ရှေ့မှာ ခါးကလေးကုန်းပြီး ငါးကျပ်တန်လေးတစ် ရွက်ကို ကမ်းပေးပါတယ်။ ရုတ်တရက် ဘာပါလိမ့်ဆိုပြီး ကြောင်ကြည့်နေမိတုန်း သူက လက်ထဲကို ထိုးထည့်ပေးနေတော့ ကျုပ် လည်း ယောင်တောင်တောင်နဲ့ ယူထားလိုက်မိတယ်။

“ဒီဘက်ကိုလည်း လှူဦး ကလေးရဲ့”

အသံတစ်သံ ထွက်လာလို့ လှည့်ကြည့်မိတော့၊ အို…. ကျုပ်တို့အရွယ်

သူ့အို တွေ့ပါလား။ အဘိုးကြီး၊ အဘွားကြီးတွေ တန်းစီပြီးထိုင်လို့။ ကျူပ်ကို လှူတဲ့ ကလေးက-

“ဟုတ်ကဲ့ ဘွားဘွား၊ အားလုံးကို လှူမှာပါ”

ဆိုပြီး တစ်ယောက်စီကို ငါးကျပ်စီ လှူတယ်။

ဘိုးကြီးအို၊ ဘွားကြီးအိုတွေက ကျန်းမာပါစေ။ ချမ်းသာပါစေ။ ထီပေါက်ပါစေနဲ့ ဆုတွေ ပေးလိုက်ကြတာ တတွတ်တွတ်နဲ့ပေါ့။ အဲဒီ တော့မှ သတိရတယ်။ အို… ကျူပ် ဘာဆုမှ မပေးလိုက်ရပါလား။ ဘယ်သိမှာတုံး။ ပထမဆုံး အတွေ့အကြုံဆိုတာကြောင့် ကြောင်အနေတာပေါ့။

အဲဒီ ကလေးလည်း ထွက်သွားရော-

“ဘွားအိုကြီး… ဒီဘက်ကိုလာ။ တော် ထိုင်နေတာက လမ်းမကြီးမှာ”

ဆိုပြီး အဘွားကြီးတစ်ယောက်က လှမ်းခေါ်တယ်။

ဒါနဲ့ ကျူပ်လည်း သူတို့နဲ့အတူတန်းစီပြီး ဒီဘက်အစွန်းဆုံးက ထိုက်လိုက်ရတယ်။

လက်ထဲက ငါးကျပ်တန်လေးက ကျူပ်ကို စကား အများကြီး ပြောနေပြီလေ။ ကျူပ် ထပြန်ချင်တယ်။ ဒါပေမဲ့ ပြန်လို့ မရခဲ့ဘူး။ ချီတုံ ချတုံနဲ့ ကျူပ် ထိုင်နေခဲ့တယ်။

“တော် ထမင်း မပါဘူးလား”

လို့ စောစောက အဘွားကြီးက မေးတယ်။

“မပါဘူး” ဆိုတော့ -

“ဒါဆို ကျူပ် ထမင်းသွားဝယ်မယ်၊ ဟိုနားက ဆိုင်မှာ ကျူပ်တို့လို အဘွားကြီးအိုတွေကို ထမင်းနှစ်ဆယ်၊ ဟင်းနှစ်ဆယ်ပဲ ယူတယ်၊ တော် မှာမလား”

လို့မေးတယ်။ ကျုပ် ခေါင်းယမ်းပြလိုက်တယ်။

"ဒါဆိုရင်လည်း နောက်ရက် ထမင်းထုပ်ခဲ့တော်"

လို့ ပြောရင်း ဘွားကြီးအို ထသွားတော့တယ်။

အဲဒီ နေ့ နံနက်စာစားချိန်ကနေ ညနေစောင်း တခြား ဘွားကြီးအိုတွေ ပြန်သွားတဲ့အထိ ကျုပ်ထိုင်နေတာ ငွေ ၁၅ဝ လောက် ရခဲ့တယ်။ ကျုပ်ရင်ထဲမှာ တဒိတ်ဒိတ်နဲ့။ မျက်နှာတွေလည်း ထူအန်းလို့ပါတော်။ ခြေလှမ်းတွေ ကပေါက်တိကပေါက်ချာနဲ့ အိမ်ကိုပြန်လာခဲ့တယ်။ အိမ်ရောက်တော့ မှောင်နေပြီ။ တစ်အိမ်လုံးလည်း တိတ်လို့။ ခင်ထားက-

"အမေ ဘယ်သွားနေတာလဲ"

ဆိုတော့ ဘာမှမပြောဘဲ ငွေတွေထုတ်ပေးလိုက်တယ်။

"ဘယ်က ရတာ လဲ"

လို့ မေးတော့ ကျုပ်က အကျိုးအကြောင်းပြောပြတော့ သမီးလိမ္မာက ဘာပြောတယ်မှတ်လဲ။

"အမေ့ဟာက ကောင်းသားပဲ။ အဲဒီ ပဲသွား။ မနက်ဖြန် ထမင်းထည့်ပေးမယ်" တဲ့။

ကျုပ် မျက်ရည်တွေလည်လာပေမယ့် အားတင်းပြီး ပြန်သိမ်းလိုက်ရပါတယ်။ ဩော်.... ခုထိ သားသမီးများ မအေအိုကြီး အလှူခံကျွေးတာ စားရက်ကြတယ်။ အေးလေ.... အံ့မောင်နဲ့ ကလေးတွေကလည်း ခင်ထား ထမင်းအိုးပဲ နှိုက်ကြတာ။ သူတို့အတွက်ရော ကျုပ် အားတင်းရတာ ပေါ့။ လှူကြတဲ့ ကလေးတွေက ကျုပ်တို့လို အရွယ်ကို လေးစားခြင်းနဲ့ လှူကြရှာတာ။ ကျုပ်တို့ နောက်က ငိုတောင်းမယ့်လူတွေအတွက် ခုအသက်အရွယ်အထိ ဝင့်ကြွေးမကင်း ရှာကျွေးနေရတာ တွေ၊ စားအိုး ထိန်းသိမ်းနေရတာ တွေကိုသိရင် စေတနာများ ပျက်ကုန်ကြလေမလား။ အို...

ကျုပ်တို့ လူမျိုးက သဒ္ဓါအားကောင်းပါတယ်။ လှူကြပါစေတော်၊ များများလှူကြပါစေ၊ ဆတက်ထမ်းပိုးလို့ လှူနိုင်ကြပါစေ။

အလှူခံသက် ကြာလာတာနဲ့အမျှ ကျုပ်တို့ ဘိုးကြီးအို၊ ဘွားကြီးအို တွေမှာ နာကြည်းစရာ၊ ကြေကွဲစရာ နောက်ခံဇာတ်ကြောင်းလေးတွေနဲ့ ချည်းပဲဆိုတာ သိလာရတယ်။ အမေခင်ဆိုတဲ့ အဘွားကြီးကို ကြည့်။ လေဖြတ်ထားတာ၊ လမ်းလျှောက်နိုင်တာ မဟုတ်ဘူး။ သူ့သမက်က နံနက်တိုင်း ပွေ့ချီ ချပေးသွားတာ။ ချပေးတဲ့နေရာ ထိုင်နေရတာ ။ ညောင်းလိုက် ကိုက်လိုက်တာလို့ တစ်နေ့လုံး ညည်းရှာတာ။ ဟုတ်တာပေ့ါ။

အုတ်သမံတလင်းပေါ် တစ်နေ့လုံး ဒူးတုပ်ပြီး ကွေးကွေးလေး ထိုင်နေရတဲ့ ဥစ္စာ၊ ကိုက်တာပေ့ါ။ ကျုပ်တောင် အခုညောင်းတတ်ကိုက်တတ်နေပြီ။ အမေခင်ကလည်း ညောင်းရှာမှာပေ့ါ။ ဒါပေမဲ့ အမေခင်ခမျာ တစ်ရက်မှ မလာဘဲ မနေရဲဘူး။ သူ့သမက်ကို ကြောက်ရတယ်တဲ့။ မလာချင်ဘူးဆိုရင် ရိုက်မယ်၊ ပုတ်မယ် ခြိမ်းခြောက်တယ်တဲ့။ ကြောက်စရာကြီးတော်။

ဟို.... တယောအိုကြီးကို တအီအီထိုးနေတဲ့ ဖိုးသြကျတော့တစ်မျိုး၊ သူ ရွှေပြည်ကြီးတို့၊ မြနန္ဒာတို့၊ တစ်ခါတစ်လေ ဝေဇယန္တာတဲ့၊ အောင်မင်္ဂလာတဲ့၊ သီချင်းတွေ ကျုပ်ဖြင့် သိပေါင်တော်။ ဒီရောက်မှ ကြားဖူးတာ။ အရင်က မင်းသားကြီးတဲ့။ သူဆိုရင် လွမ်းစရာကောင်းလိုက်တာ။ သူ့မှာ မီးယပ်ကျိုးလို့ အိပ်ရာထဲလဲနေတဲ့ မိန်းမနဲ့ ရင်ကျပ်ပန်းနာသည် သမီးလေးနဲ့။ ပြောရရင် စိတ်ညစ်စရာကြီးပါတော်။ စားဖို့အနိုင်နိုင်။ နေ့သေမလား၊ ညသေမလား လူမမာက နှစ်ယောက်၊ ဆေးဖိုး ဝေးလိုက်တာ၊ မီးယပ်ကျိုးက ဆိုးရင် ပန်းနာသည်ကလေးက ပြုစုလိုက်၊ ပန်းနာသည်ကလေး ရင်ကျပ်ရင် မီးယပ်သည်က ရင်ဖိပေးလိုက်နဲ့။ ဖိုးသြမှာ ထမင်းတောင်ပါရှာတာ မဟုတ်ဘူး။ တစ်ခါတစ်လေ ရင်နာရှာ ထင်ပ့ါ။ တယောကြီး ဖိထိုးပြီး ဆွဲဆွဲငင်ငင် သီချင်းတွေဆိုရင်း ငိုရှာတယ်။ ကျုပ်တို့လည်း မျက်ရည်လည်ကြတာပေ့ါ။

ဖိုးသြ ထမင်းမပါလည်း ပါတဲ့သူက ဝိုင်းကျွေးကြ၊ အတူမျှစားကြနဲ့ပေ့ါ။

ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်တို့ရဲ့ ဒုက္ခတွေကို အိမ်မှာ ခဏထားခဲ့ပြီး ဒီမှာ သက်တူရွယ်တူတွေ မျှတပြီး အတူနေကြ၊ စားကြရတာ တော့ ပျော်စရာပါပဲ။ ညနေစောင်းရင်တော့ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ ငွေစလေးတွေ ကိုင်ပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြရတော့တာပါပဲ။ ကျုပ်တို့အိမ်နားက မန်ကျည်းပင်ကြီးမှာ ဆက်ရက်တွေ တကျည်ကျည် တကျာကျာ အောာ်ဟစ်ဆူညံ အိပ်တန်းပြန်တဲ့ အချိန်ရောက်ရင် ကျုပ်တို့လည်း ကျုပ်တို့ အသိုက်အမြုံကလေးထဲ ခေါင်းလျှိုဝင်၊ ပါလာတဲ့ စားစရာလေးတွေ အလုအယက် စားသောက်ဖို့ မျှော်နေတဲ့ မြေးတွေနဲ့ တစ်လုတ်တစ်ဆုပ် ဝေငှစားရင်း တစ်နေ့တာကုန်ရတော့တာ။

တစ်ခါတစ်လေများ စိတ်ကူးယဉ်မိတယ်။ ကျုပ်ပြန်ရမယ့်အိမ်က ခုလို တစ်ဖက်ရပ်တဲကလေး မဟုတ်ဘဲ ခြံကျယ်ကျယ် တိုက်ကြီးကြီး။ ကျုပ်ကလည်း စိန်ရွှေအပြည့်နဲ့ သူဌေးမကြီး။ သားသမီးတွေကလည်း ဆိုက်ကားသမား၊ အရက်သမား မဟုတ်ဘဲ ဆရာဝန်ကြီးတွေ၊ ကျောင်းဆရာကြီးတွေ ဆိုပါစို့။

ဟော.... ပြောရင်းဆိုရင်းတော်... ဟို လိပ်စာ ငါးစာ ကျွေးတဲ့ နားမှာရပ်ပါနေတဲ့ ကျုပ်နဲ့ ရွယ်တူလောက်ရှိမယ့် အဘွားကြီးလိုပေ့ါတော်။ ကြည့်စမ်း ... သူတို့များ ကြည့်လိုက်တာနဲ့ သူဌေးမှန်း သိသာတယ်။ နုဖပ်စိုပြည်နေတာပဲ။ ဆံပင်က ဖြူနေပေမယ့် သေသေသပ်သပ် ထုံးဖွဲ့လို့။ ခြုံထားတဲ့သိုးမွေးပဝါကလည်း အမွေးရှည်ကြီးတွေနဲ့ လှလိုက်တာ။ ဇင်းမယ်လုံချည်ကလည်း အိစက်လို့။ စိန်နားကပ်ကလည်း ဖိတ်ဖိတ်လက်လို့တော်။။။

အေးလေ... သူတို့လို ချမ်းသာရင် ကျုပ်ဒီနားမှာ ထိုင်အလှူခံနေမတဲ့လား။ သူ့လို ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေရမှာပေ့ါ။ မချမ်းသာလို့ အလှူခံနေရတာ ။ ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ ကောင်းပါတယ်။

အေးကွယ်... အခုလို ဘွားဘွားတို့ကို လှူလို့ ကလေးတို့ စာမေးပွဲတွေ အောင်ပါစေ၊ ဆရာဝန်ကြီးတွေ ဖြစ်ကြပါစေ၊ မင်္ဂလာစုံတွဲထီကြီးလည်း ပေါက်ကြပါစေကွယ်။

စိတ်ထဲမှာ ကြည်နူးလိုက်တာ။ အပြင်ထွက်ရတာ ၊ အပြင်လေ စစ်စစ်ကို ရှူရတာ အသည်းထဲကို အေးသွားတာပဲ။ အိမ်ထဲမှာဆိုရင်လေ လေကအစ စိုထိုင်းထိုင်းနဲ့။ လေအေးစက်က ထွက်လာတဲ့ လေအတုကို ရှူရတာ အသက်ရှူမဝပါဘူးရှင်။ တကယ်ပါပဲ။ ကြည့်ပါဦး။ လေကလေးက တဖြူးဖြူး၊ သွားကြလာကြတဲ့သူတွေက လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး။ ဪ... ဒီလိုအချိန်တွေ ကုန်ဆုံးခဲ့ပြီ။ နုနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းက အိုမင်းနောက်ဆုံးပါတကားတဲ့။ နာဖို့သေဖို့သာ ကျန်တော့တာ။ အိုတာက အိုပြီ။

ဘုရားလာချင်လို့ လိုက်ပို့ပါဆိုတော့ ပို့တဲ့မြေးကလေး မောင်ကျော်ကို ကျေးဇူးတင်လိုက်တာ။ အင်း.... သူကလည်း နောက်ဆုံးဝယ်လိုက်တဲ့ ပရာဒိုကားကြီးကို ပြချင်လို့ဆိုပြီး အိမ်ကိုလာတာ။ ကျွန်မ မြေး နှစ်ယောက်ကလည်း သူတို့အစ်ကိုဝမ်းကွဲကို တစ်ပတ် မောင်းပို့ရမယ်လို့ ပူဆာ၊ သွားချင်တာက မြို့တော်ဥယျာဉ်တဲ့။ သူတို့ ကစားကြ၊ လည်ကြနဲ့ တစ်နာရီ၊ နှစ်နာရီကြာမှာကို အမေကြီးကို ဘုရားပို့ခဲ့ပါကွယ်ဆိုပြီး ဇွတ်ထွက်လာတာ။ မောင်ကျော်လေး ကျန်းမာပါစေကွယ်။

အိမ်မှာလည်း ကားနှစ်စီးရှိပါတယ်။ ကားတစ်စီးက သမီးလုပ်သူ အထူးကု ဆရာဝန်မကြီးကယူသွား၊ နံနက် ခြောက်နာရီကထွက်၊ ဆေးခန်းတွေ တစ်ခုပြီးတစ်ခု ပြောင်းထိုင်။ အချိန်တန်တော့ ဆေးရုံသွား၊ ဆေးရုံက ပြီးတော့ ဆေးခန်း။ ငွေတွေ သိမ်းချီယူပြီး လူနာတွေ ခွဲရစိတ်ရ။ ညအိမ်ကို သူပြန်ရောက်တဲ့အချိန်ဟာ အစောဆုံး ၁၁ နာရီပဲ။ ပင်ပန်းလိုက်တဲ့ သမီးလေး။ ကွယ်လွန်သွားတဲ့ သမက်အစား နှစ်ယောက်စာ ပေါင်းရှာဖွေနေရတာ ကျွန်မဖြင့် မကြည့်ရက်ပါဘူး။ တစ်အိမ်ထောင်လုံးအတွက် ကုန်းကျုံးလုပ်နေရရှာတာလေ။ တစ်ရက်တစ်လေမှ မနားရရှာဘူး။ မအေရော၊ ကလေးတွေရော၊ မညှိုးမငယ်နေရတာ သူ့ကြောင့်။ ဒါကြောင့် ကျွန်မလည်း သမီး သဘောကျ အားလုံးနေပေးရတယ်။ ဒါမှ သမီးစိတ်ချမ်းသာရှာမှာ။

နောက် ကားတစ်စီးကလည်း အကြီးမ ကျူရှင်၊ ကျောင်း၊ ကွန်ပျူတာသင်တန်း၊ အငယ်ကောင် သီချင်းဆို၊ လည်ပတ်၊ အပေါင်းအသင်းနဲ့ထွက်၊ သူတို့

မောင်နှမကို အဝေမညီဘူး။ ခဏခဏ ရန်ဖြစ်၊ တစ်ယောက်ပို့ တစ်ယောက်ကြို၊ ချေးကလည်းများ၊ ဆူကလည်း ဆူ၊ ဒရိုင်ဘာလည်း မျက်စိလည်၊ နားငြီး၊ ခဏခဏထွက်၊ ဒုက္ခတွေ ရောက်။

မောလိုက်တာ။ သူတို့ကို ကြည့်ရတာ မောလိုက်တာ။ သူတို့ကိစ္စနဲ့ သူတို့ ရှုပ်နေတာ။ တစ်ခါတစ်လေ ကျွန်မ အပြင်လေးဘာလေး ထွက်ချင်ရင် ကား မရှိဘူး။ ကားမရှိတာ ထားပါလေ။ ကျွန်မ အပြင်ထွက်တာကိုလည်း သမီးက သိပ်မကြိုက်ချင်ဘူး။ မျက်နှာက အိုအိုရယ်။ ဟိုတစ်ခါတုန်းက အလှူတစ်ခုကို ကားငှားပြီး သွားမယ် လုပ်လို့ ဖွင့်တားတာ။

"မေမေကလည်း သမီးနဲ့ မေမေမြေးတွေက အိမ်မှာမရှိဘူး။ အိမ်ဖော်ဆိုတာလည်း ယုံရတာ မဟုတ်ဘူး။ အိမ်ရှင်တွေ ဘယ်သူမှ မရှိတုန်း ရှိတာတွေ မ ချ သွားရင် ဒုက္ခ၊ သမီးက ဖြောင့်ဖြောင့်စီးပွားရှာနိုင်အောင် မေမေ အိမ်မြဲမှပေါ့။ မေမေ သိတတ်မှပေါ့။ သမီးဖြင့် ပြောရတာ ငရဲကြီး တော့မှာပဲ" တဲ့။

ဟုတ်တာပေါ့ရှင်။ အံဆွဲထဲမှာလည်း ငွေက အထပ်လိုက်။ သမီး အကျီ၊ လုံချည်တွေက တစ်စုံတစ်စုံ ငါးထောင်၊ တစ်သောင်းတန်တွေ။ ကိုယ်က သူ့မှီခိုနေရတာ လေ။ သိတတ်ရတာ ပေါ့။ နောက်ပြီး ကိုယ်က မျက်စိကလည်း သိပ်ကောင်းတာ မဟုတ်။ ခွဲထားရတာ ဆိုတော့ အိမ်မှာ နေတာပဲ ကောင်းပါတယ်လေ။ လျှော့ထား။ လည်ချင် ပတ်ချင်၊ အရင်ကလို သွားချင်လာချင်စိတ်တွေလျှော့၊ ချင်ခြင်း ဆန္ဒနောက်ကို မလိုက်နဲ့။ တရားနဲ့ဖြေ၊ တရားခွေတွေ နားထောင်၊ ပုံလို့ သမီးဝယ်ပေးထားတာ။

သမီးက တော်ရှာပါတယ်။ သိတတ်ပါတယ်။ ဆရာတော်ကြီးတွေရဲ့ တရားပွဲတွေ ကျွန်မ သွားနာချင်မှန်းသိတော့ တရားခွေတွေ ဝယ်ပေးထားတာ ကျေးဇူးတင်ရမယ်။ တရားပွဲမှာ တိုးတိုးဝှေ့ဝှေ့ အညောင်းခံ၊ ခြင်ကိုက်ခံမယ့်အစား အိမ်မှာ သက်တောင့်သက်သာ နာရတယ်လေ။ ဒါပေမဲ့ တစ်ခါတစ်လေ အငယ်ကောင်က သူ့သီချင်းတွေ ဆူညံအောင် ဖွင့်ရင်တော့ ကျွန်မ တရားခွေလေးသိမ်းပြီး အခန်းထဲ အောင်းနေရတော့တာပေါ့။ အဲဒီ တော့လည်း တရားမှတ်ရတာ ပေါ့လေ။

ကျွန်မ အကောင်းဘက်ကချည်း တွေးပါတယ်။ ဒါပေမဲ့ တကုပ်ကုပ်နေရတော့ သိပ်ပျင်းတာပဲရှင်။ ပြောပါပကော။ သမီးတွေ၊ မြေးတွေက မအား၊ တစ်နေကုန် ကျွန်မတစ်ယောက်တည်း စကားပြောစရာ အဖော်က မရှိ။ အိပ်လိုက် ၊ ထိုင်လိုက်၊ ထလိုက်၊ တရားနာလိုက်၊ ပျင်းလိုက်တာ။ တစ်ခါတစ်လေ ထမင်းဝိုင်းမှာ ဆုံကြရင်လည်း သူတို့ပြောကြတဲ့ စကားတွေကို ကိုယ် လိုက်မမီ။ စကားစပ်လို့ ဝင်ဆုံးမမိရင် -

“ဘွားဘွား အသာနေစမ်းပါ၊ နားမလည်ဘဲ ဝင်မပြောနဲ့”

လို့ မြေးတွေမာန်တာ ခံရသေးတယ်။ သမီးကလည်း-

“ဟဲ့ ... ဘွားဘွားကို ဒီလို ပြန်မပြောရဘူး”

လို့ မဆုံးမဘူး။ ရယ်နေတာ။ ကျွန်မတို့ခေတ်နဲ့တော့ အကွာကြီး ကွာခဲ့ပြီ။

သူတို့နဲ့ စကားမပြောရတော့ အိမ်ဖော်ကောင်မလေးတွေနဲ့ ပြောကြည့်ပါတယ်။ သူတို့ကလည်း အတူတူပဲ။ သူတို့သိတာနဲ့ ကိုယ်သိတာ ကွာခြားပြီ။ ခင်မောင်ရင် မသိ၊ ကြည်ကြည်ဌေး မသိ။ သူတို့ပြောတဲ့ နာမည်တွေကို ကိုယ်က မသိ။ စိတ်ပြေလက်ပျောက် တီဗွီလည်း မျက်လုံး ကြောင့် ကြည့်မရ။ ကောင်မလေးတွေကလည်း အလုပ်နဲ့လက် မပြတ်။ ကျွန်မအနားမှာ ဘယ်သူမှမရှိ။ အိမ်ကြီးတစ်လုံးလုံးဟာ ပျင်းရိခြောက်သွေ့နေတာပဲ။ သမီး ဝယ်ပေးတဲ့ တရားခွေတွေလည်း ဖွင့်ပါတယ်။ နေ့တိုင်း ဖွင့်နေရတော့လည်း စိတ်က အာရုံစိုက်လို့ မရတော့ဘူး။ အားလုံးလည်း အလွတ်လောက်နီးပါးရနေပြီ။ ထပ်တလဲလဲ နာနေရတော့လည်း ငြီးငွေ့လာပါပြီ။

တစ်ညမှာတော့ သမီး ဆေးခန်းအပြန်စောင့်ရင်း မျက်စိမှုန်မှုန်နဲ့ ကြုံရာအခွေတစ်ခွေ ထည့်ဖွင့်လိုက်တာ အငြိမ့်သီချင်းခွေလေး ဖြစ်နေတယ်။ အဆိုတော်ကလေးကလည်း ကောင်းလိုက်တဲ့အသံ။ ကြည်လိုက် ပီလိုက်တာ။ လေဘာတီမမြရင်ရဲ့ “အလှူရှင်” သီချင်း။ အင်း.... ကျွန်မတို့ သုံးလေးဆယ်အရွယ်က ကြည့်ရတဲ့ မ

ခင်စိန်တို့၊ အမာစိန်တို့၊ နွဲ့နွဲ့စမ်းတို့၊ ဒီသီချင်း ဆိုနေကျပေါ့။ ကျွန်မလည်း တစ်ပိုင်းတစ်စတော့ ရပါသေးတယ်။ ဘာတဲ့ 'အပိုင်နော် ကြံလိုက်သရှင် တိုင်ပေါ် အလံစိုက်ချင်' တဲ့။ အဲဒီ တုန်းက သူတို့ ကခဲ့တာလေးတွေ လှလိုက်တာ။ လက်ချိုးခြေ ချိုးကလေးတွေက ကော့ညွတ်လို့၊ ဟောသလို ဟောသလို။

ကျွန်မလည်း ငယ်ငယ်တုန်းကတော့ အက သိပ်ဝါသနာပါခဲ့တာ ပေါ့ရှင်။ အခုတော့ မကရတာ လည်းကြာ၊ သူများကတာ မမြင်ရတာ လည်း ကြာပါပြီ။ ဒီ သီချင်းလေး ကြားရတာ နားထဲ ချိုလိုက် ဆိမ့်လိုက်တာ။ ဘာတဲ့ 'အီဂျစ်နဲ့ အင်္ဂလန် နိုင်ငံခြားကို မောင် သွားထားပါလား ပျိုတစ်ပါး မသိအောင်၊ စာရေးတဲ့ ဆရာတောင် အိမ်မလာရအောင် .....' ဟင်.... ကတ်ဆတ်ကို ချောက်ကနဲ ပိတ်လိုက်တာ ဘယ်သူ ပါလိမ့်။

"သြော် .... သမီး ပြန်လာပြီကိုး။ မေမေ သမီးကိုစောင့်ရင်း သီချင်း ကလေး ကောင်းတာနဲ့ ...."

အိုး..... သမီးမျက်နှာက တင်းလို့ပါလား။

"မေမေ သူငယ်ပြန်နေတာလား" တဲ့။

ဘုရား ..... ဘုရား.....။

"သမီးကြည့်နေတာ မေမေ သီချင်းလည်း လိုက်ဆိုနေတယ်။ လက်လှုပ် ခြေလှုပ်နဲ့ ကလည်းကနေတယ်။ မေမေရယ်.... မေမေ့အရွယ်ကြီးနဲ့ ဒီလိုလုပ်နေရင် အိမ်ဖော်ကလေးမတွေ အရိုအသေတန်တော့မှာပေါ့။ ပြီးတော့ အတင်းပြောလည်း ခံ ရဦးမယ်။ မေမေ့အရွယ်နဲ့လိုက်တဲ့ တရားခွေတွေ သမီး ဝယ်ပေးထားတယ်လေ။" တဲ့

ပြောရက်လိုက်တာ သမီးရယ်။ ကျွန်မ မျက်ရည်တွေတောင် လည်လာပါ တယ်။

"အေး အေး.... မေမေ သိပါပြီ။ သမီးက ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့

ဆရာဝန်မကြီးပဲ။ သူက ကိုယ့်ကို သင့်လျော်အောင်၊ သင့်တင့်အောင် ထားရှာတာပဲ။ နောက်ကို သမီး ဖြစ်စေချင်တဲ့အတိုင်းး တရားနဲ့ မွေ့လျော်နိုင်အောင် မမေကြိုးစားပါ့မယ်။ စိတ်ဖြေရာ မရှာတော့ပါဘူးကွယ်” လို့ စိတ်ထဲကပြောပြီး ကျွန်မ ထထွက်လာခဲ့တော့ သမီးက အိမ်ဖော်ကောင်မလေးတွေကို ဆူနေသံ ကြားရတယ်။

“နောက်ကို မမေအိပ်ပစေ။ ငါ့အပြန်ကို မစောင့်စေနဲ့၊ မမေ အိပ်ရေးပျက်ရင် သွေးတိုးတယ်ဆိုတာ နင်တို့မသိဘူးလား” တဲ့။

အဲဒီ သွေးတိုးတဲ့ ရောဂါကြီး ရှိနေတာလည်း ကျွန်မအတွက် ဒုက္ခတစ်ခုပါပဲ။ ကျွန်မ သွေးတိုးရှိပြီဆိုတာ သိကတည်းက သမီးက-

“မမေ အငန်လျှော့စားရမယ် ၊ ပေါ့ပေါ့ချက်”

အိမ်ဖော်တွေကို မှာတော့တာပဲ။ သမီးရဲ့ အမိန့်ကို လိုက်နာ ကြရတယ်လေ။ ကျွန်မရဲ့ တောင်းပန်တိုးလျှိုးတဲ့ မျက်လုံးကို သူတို့ ဘယ်ဂရုစိုက်ပါ့မလဲ။ ဒီ ရောဂါဝင်လာပြီးကတည်းက ကျွန်မ အလွန် နှစ်သက်တဲ့ ငံပြာရည်ဆီသတ်တို့၊ ပဲငါးပိချက်တို့၊ ဝက်သားပုံးရည်ကြီးချက်တို့ကို အပြီးအပိုင် စွန့်လိုက်ရတာ ပါပဲ။ ချိုရဲရဲ ပဲနှပ်၊ ဖြူဖပ်ဖြူရော် ကြက်သားပြုတ်ကြော်၊ အေးစက်စက် စွပ်ပြုတ်တို့။ အိုး.... မုန်းလိုက်တာ။ တစ်လုတ်တစ်ဆုပ်ပဲစားပြီး ထမင်းပွဲကို ကျောခိုင်းခဲ့ရတာ ချည်းပဲ။ သမီးက အကောင်းစားစီမံပေးပါတယ်။ ဒါပေမဲ့ သူစားခိုင်းတဲ့ ကွေကာအုတ်တို့၊ ပေါင်မုန့်တို့၊ နွားနို့တို့ ဘာလုပ်ရမှာလဲကွယ်။ ညှီစိုစိုနဲ့။ ဟောလစ်၊ မက်တိုဗာတို့များ နှမ်းထောင်းများများ ဆီရွှဲရွှဲ ငချိပ်ပေါင်းတစ်ဆုပ်လောက်မှ အရသာ မရှိပါဘူး။

တစ်ခါက ကောင်မလေးတွေကို မုန့်ဟင်းခါး ခိုးမှာစားမိတာ သိသွားလို့ အလုပ်ဖြုတ်ပစ်မယ် ကြိမ်းထားတာနဲ့ ကောင်မလေးတွေလည်း ဝယ်မပေးရဲရှာကြတော့ဘူး။ အလျှံပယ်ပေါများတဲ့ ဆရာဝန်မကြီး အိမ်မှာ အမေလုပ်သူ အစာရေစာငတ်နေပါတယ်ဆိုရင် ကြားရသူတွေ ယုံမယ်မထင်ပါဘူး။

အို.... ဘာသံပါလိမ့်ရှင်။ တယောသံလေး တငြိမ့်ငြိမ့်နဲ့။ သြော်.... ဟိုနားက ဘိုးဘိုးက တယောထိုးရင်း သီချင်းဆိုနေတာပါလား။ နားဝင်ချိုလိုက်တာ၊ နားချမ်းသာလိုက်တာ၊ ရင်ထဲကို ပြည့်သွားသလိုပါပဲ။ ဟော.... အနံ့၊ ဒီအနံ့ကို သိပါတယ်။ သိပြီ... သိပြီ။ မရန်းသီးထောင်း၊ ငါးပိဖုတ်နံ့လေးရယ်၊ ကြက်သွန်စိမ်းနံ့ကလေးရယ်။ အမယ်လေး..... သွားရည်တောင် ကျချင်လာပါပြီလား။ ဒီဘက်ထိပ်က ဘွားဘွား ထမင်းချိုင့် ဖွင့်ပြီး ဟိုဘက်က ဘွားဘွားကို ထည့်ပေးလို့။ ဖြစ်နိုင်ရင် ကျွန်မ နည်းနည်းကျွေးစမ်းပါရှင်ဆိုပြီး တစ်လုတ်တစ်ဆုပ် နှိုက်စားလိုက်ချင်ရဲ့။ သြော်.... မဖြစ်သေးပါဘူးလေ။ စိတ်ကို ထိန်းမှ၊ တဏှာကို ဖြတ်နိုင်မှ။ ဒါပေမဲ့ ကျွန်မနဲ့ ရွယ်တူတွေ ဆင်းဆင်းရဲရဲ အလှူခံစားနေကြရာတယ်ဆိုပေမယ့် အုံနဲ့ကျင်းနဲ့၊ အုပ်စုနဲ့ ပျော်စရာကောင်းလိုက်တာ။ ကျွန်မလို အိမ်ကြီးတစ်လုံးထဲမှာ ပျင်းရိငြီးငွေ့စွာ အထီးကျန်နေရတာ မဟုတ်ဘူးနော်။ ရှင်တို့ ကုသိုလ်ကံကောင်းလိုက်ကြတာ။

သြော်..... ဒီဘက်ဆုံးက ဘွားဘွားက ကျွန်မကို ငေးနေလိုက်တာ။ ကျွန်မ မျက်စိမွဲပေမယ့် ဒီလောက်နီးနေတော့ ရှင့်မျက်လုံးတွေထဲက အားကျ ရိပ်တွေကို ကျွန်မ သိပါမြင်ပါတယ်ရှင်။ ရှင်တို့မြင်ရတဲ့ စိန်နားကပ်တို့၊ အဝတ်အစားတို့က အခွံတွေပါ။ အခွံတွေကို ဖယ်လိုက်ရင် ဟက်တက်ကွဲနေတဲ့ အသည်းနှလုံးကို ရှင်တို့ မြင်မှာမဟုတ်ပါဘူး။ ကျွန်မ ဖွင့်ပြလို့လည်း မရဘူးလေ။ ကျွန်မသမီးက ဂုဏ်သရေရှိ ဆရာဝန်မကြီးလေ။ သူ့အမေ ကျွန်မက ဒီလိုခံစားနေရပါတယ်ဆိုရင် သူ ဂုဏ်ပျက်မှာ၊ မျက်နှာငယ်မှာပေ့ါ။ မျိုသိပ်ထား ၊ မသေမချင်း မျိုသိပ်ထား။

အားလုံးအမြင်မှာ သမီးက ဖူးဖူးမှုတ် ဂရုစိုက်လွန်းလို့၊ မိဘကျေးဇူး အထူးသိလွန်းလို့၊ စည်းစိမ်အပြည့်နဲ့ ပျော်နေတဲ့ သူဌေးကတော်ကြီးပုံစံအပြည့် ဖြစ်နေစေရမယ်။ စိတ်ချမ်းချမ်းသာသာနဲ့ လောကစည်းစိမ် ခံစားနေရတာ ပဲ လူသိစေရမယ်။ ကဲ.... နေညိုပြီ။ ကိုကျော်လေးလည်း ပြန်လာတော့မယ်။ အချိန်တန်ရင် အိမ်ပြန်ကြရမှာပေ့ါနော်။ ဘွားဘွားတို့ရယ်၊ ရှင်တို့ကတော့ အိပ်တန်းပြန်ငှက်တွေလို

ကိုယ့်အသိုက်အမြုံဆီ ပြန်ကြမှာပေါ့။ ဆူဆူညံညံကြိုကြ၊ ထမင်းပွဲမှာ လုယက်စားကြ၊ ဘယ်လောက် ပျော်စရာကောင်းမလဲ။

ကျွန်မကတော့ အတောင်ဖြတ်ခံထားရတဲ့ ငှက်အိုမကြီးပါ။ ကျွန်မရဲ့ အပြန်လမ်းမှာတော့ အေးစက်နေတဲ့ ထမင်းဝိုင်း၊ စကားပြောဖော် မရှိ၊ ပျင်းရိငြီးငွေ့ဖွယ် ကြီးကျယ်ခမ်းနားမှုတွေနဲ့ ပြည့်စုံနေတဲ့ ရွှေလှောင်ချိုင့် တစ်ခုဆီကို ...။

**ရွှေအမြို့တော ရုပ်စုံမဂ္ဂဇင်း**

**၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ။**

*

# မုဒိတာ

မသဇင်၏ နံနက်ခင်းသည် မင်္ဂလာနံနက်ခင်း ဖြစ်သည်။ အိပ်ရာထဲမှ မျက်စိနှစ်လုံး ပွင့်ပြီး နိုးလာကတည်းက ငှက်ကလေးတွေ စိုးစီစိုးစီ မြည်နေပြီ။ အသာအယာ ငြိမ်သက်ရင်း နားစွင့်နေချိန်မှာ အရုဏ်ဦး လင်းလုရောင်ခြည်တွေ ဖြန့်လွှတ်နေပြီဖြစ်သည်ကို အလိုလိုသိနေပြီ။ ခဏလေးကြာတော့ မဟာမြတ်မုနိဘုရားကြီးဆီက မျက်နှာသစ်တော် ရေကျသည့် ရေကင်းသံကို ပီပီပြင်ပြင် ကြားရလျှင် မသဇင် အိပ်ရာကထပြီ။ မျက်နှာသစ်ပြီး အိမ်ရှေ့ဝရန်တာကိုထွက်၍ အရပ်ရှစ်မျက်နှာကိုမျှော်ကြည့်ကာ စိတ်ထားကို လေးနက်တည်ကြည်စွာ စူးစိုက်ထား၍ မေတ္တာပို့လေသည်။ ထိုအချိန်အတွင်း မသဇင်၏ စိတ်အတွင်းသန္တာန်၌ တည်ငြိမ်အေးချမ်းသည့် အရသာကို ခံစားရလေသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးတို့ ထွန်းကားရာ မြန်မာနိုင်ငံ၌ မသဇင်တို့ လူဖြစ်ရသည်မှာ လူဖြစ်ရကျိုးနပ်လေခြင်း။

လေပြည်လေး တသုန်သုန် မြူးနေစဉ် ငှက်ကလေးတွေ တကျည်ကျည် တကျာကျာ၊ ရေကင်းသံ နားဝတွင် ကွန့်မြူးဆဲ၊အိမ်ထဲကို ပြန်ဝင်လာခဲ့သည်။ ညကတည်းက လှီးချွတ်ပြင်ဆင်ထားသည့် ဆွမ်းဟင်းခွက်အတွက် မီးဖိုချောင်ဝင်၍ ချက်ပြုတ်ရဦးမည်။

“မမ ဘာချက်မှာလဲ”

အိပ်မှုန်စုံမွှား နိုးလာသည့် အိမ်ဖော် နွဲ့လေးက မေးလေသည်။

“ညကတည်းက ဘူးသီးသုံးလုံး လှီးထားပြီးသားလေ၊ နွဲ့လေး အိပ်ပျော်

သွားလို့ တီဗွီလာကြည့်တဲ့သူတွေနဲ့ ဝိုင်းလှီးထားကြတာ၊ ဘူးသီးကြော်ချက် ချက်မှာ၊ ပုစွန်ခြောက်များများ၊ ကြက်သွန်ဖြူနိုင်နိုင် ခတ်နော်”

“ဟုတ်ကဲ့”

မသဇင်က နေ့တိုင်း ဘုံဆွမ်းလောင်းသည်။ သံဃာတော် အပါး ၇၀ ခန့် နေ့စဉ်ကြွ၍ တာဝန်က တော်တော်ကြီးသည်။ ဘူးသီးဆို သုံးလုံး၊ ခရမ်းသီးဆို နှစ်ပိဿာခွဲခန့် ၊ ချဉ်ပေါင်ဆို အစည်း ၅၀၊ ၆၀ ခန့်၊ တစ်ခါတစ်ရံ ဝက်သားလောင်းသည့် နေ့ဆိုလျှင် သုံးပိဿာခန့်လောင်းရ၍ နေ့စဉ် အလုပ်က မသေးလှ။ ဒါပေမယ့် မသဇင် ကြိုးစား၍ ကုသိုလ်အလုပ်ကို ပုံမှန်လုပ်လေသည်။ ဒါ ဖေဖေ၊ မေမေတို့ ရှိစဉ်ကတည်းက မပျက်ရသည့် ဝတ္တရားတွေပဲ။ နေ့စဉ် ဆွမ်းခံကြွ သည့် ဆရာတော် တစ်ပါးက -

“အင်း.... နေ့စဉ် ဒီလို လောင်းလှူနိုင်ဖို့ဆိုတာ မလွယ်လှဘူး။ တစ်နေ့တည်း သိန်းချီပြီး လှူတာကလည်း တစ်မျိုး၊ နေ့စဉ် ဝတ္တရားမပျက် ပိဏ္ဍပါတ်ဆွမ်းလောင်းရတာ လည်း နည်းတဲ့ကုသိုလ် မဟုတ်ပေဘူးဗျ။ ကြိုးစားပါ ဒါယိကာမလေး”

ဟု မိန့်ဖူးလေသည်။

“ဆွမ်းကျက်ရင် ဆွမ်းတော်ကပ်မယ်ဟေ့၊ ဆွမ်းဟင်းကျက်ရင် တစ်ခါတည်း ခူးထားလိုက်တော့၊ မမ ဆွမ်းတော်ကပ်ပြီးရင် သံဃာတော်တွေ ကြွလာတော့မှာ”

“ဟုတ်ကဲ့ မမ၊ ကျက်ခါနီး ပါပြီ”

မသဇင် ကိုယ်လက်သုတ်သင် ဘုရားရှိခိုးပြီး ၊တစ်ဆက်တည်း တဘက်လေး ပခုံးတင် ထွက်လာတော့ ဆွမ်း၊ ဆွမ်းဟင်းတွေက မသဇင်တို့ အိမ်ရှေ့တွင် စားပွဲခုံကလေးနှင့် ပြင်ဆင်ထားပြီး အဆင်သင့်။ မကြာမီ သံဃာတော်တွေ တစ်ပါးပြီးတစ်ပါး ကြွလာကြပါသည်။ အိမ်ရှေ့မှာ နံနက်ခင်းတိုင်း သက်န်းအရောင်တွေ

ဝင်းဝါထိန်လင်းလျက်ရှိသည်မှာ သာသနာရောင်ဝါထွန်းလင်းသည်မို့ မင်္ဂလာအလွန်ရှိသည်ဟု မသဇင် ယူဆလေသည်။

တစ်ပါးပြီးတစ်ပါး မျက်လွှာချလျက်၊ ဣန္ဒြေဆောင်လျက် သပိတ်ပိုက်ကာ ကြွလာကြသော သံဃာတော်တွေအားလုံး လောင်းလှူပြီးချိန်တွင် ရှစ်နာရီခန့်ရှိလေပြီ။ ခြောက်နာရီကတည်းက တောက်လျှောက် ရပ်နေရ၍ ခြေသလုံးကြွက်သားတွေက တောင့်တင်းနေသည်။ အညောင်းပြေ ခြေဆန့်လက်ဆန့် လုပ်ရင်း အိမ်ထဲဝင်တော့ ကျောင်းပိတ်ထားသည့် သားနှင့် သူ့အဖေကို တီဗွီရှေ့တွင် တွေ့လိုက်ရသည်။

"မေမေရေ.... ထမင်းကြော်စားမယ်"

"အေး.... စားစား သားရေ၊ မေမေလည်း ဆွမ်းလောင်းနေတာ ဆာမှန်းတောင် သတိမရဘူး။ နွဲ့လေးရေ.... ငါ့ဖို့လည်း ထမင်းကြော် ထည့်ခဲ့ဦး"

နွဲ့လေးကို လှမ်းအော်လိုက်ရင်း ခြေပစ်လက်ပစ် ထိုင်ကျသွားလေသည်။ နံနက်ငါးနာရီခန့်ကတည်းက တတောက်တောက် လုပ်နေရတာ မသဇင် တော်တော်ညောင်းနေပြီ။ မသဇင်က နည်းနည်းမှအပင်ပန်းမခံနိုင်။

"မောင် ဒီနေ့ ကားမထွက်ဘူးလား"

"မင်းပဲ ဒီနေ့ သွားစရာရှိတယ်ဆို"

"ဪ ...ဟုတ်သားပဲ။ ရထားလက်မှတ် သွားဝယ်ရမယ်လေ၊ လိုက်ပို့စရာမလိုပါဘူး၊ ကျွန်မဘာသာ စက်ဘီးနဲ့သွားမှာ၊ ကလေးနဲ့ပဲ နေလိုက်ပေါ့၊ မင်းသားက နွဲ့လေးကို အသက်ရှိတယ်လို့ ထင်တာ မဟုတ်ဘူး"

မသဇင်က မီးရထားဝန်ကြီးဌာန မြတ်မိခင် ဝတ္ထုတိုပြိုင်ပွဲမှာ တတိယဆုရထားခဲ့လေသည်။ ရှမ်းစုဘူတာက သူငယ်ချင်းကိုစိုးအောင်ကလည်း နှစ်သိမ့်ဆုရထားသည်။ ရန်ကုန်သွား၍ ဆုယူရန် ကနေ့ရထား လက်မှတ်ဝယ်ရမည် ဖြစ်လေသည်။ ကိုစိုးအောင်နှင့် အတူ ဘူတာကြီးကို သွားရမည်။ မသဇင် ထမင်းကြော်

ပန်းကန်ကိုချ၍ ထလေသည်။

“သွားမှ… သွားမှ၊ ရေချိုးရဦးမယ်”

“မမရေ…. အိမ်ရှေ့မှာ အလှူခံ”သ

နွဲ့လေးအသံက ပေါ်လာသည်။ မသဇင် အလှူခံကို လှမ်းကြည့်၍ အတော်စိတ်မကောင်း ဖြစ်သွားလေသည်။ အသက် ၃၀ခန့် ကလေးမလေး။ လက်ဆွဲလာသည်က သားနှင့်ရွယ်တူခန့် ကလေးလေးတစ်ဦး။ ကြိုးရှူ့ဘောင်းဘီကလေးတစ်ထည်ကလွဲလို့ ချေးအထပ်ထပ်နှင့် ညစ်ပတ်နေသည့် ကိုယ်ပေါ်မှာ အင်္ကျီတစ်စပင်မပါ။ ချက်စူလေးနှင့် ကိုယ်တုံးလုံးကလေး။

“ဟဲ့ဟဲ့…. လာဦး နွဲ့လေး၊ သား အဝတ်ဗီရိုကို ဖွင့်စမ်း”

“မမက အဝတ်တွေ ပေးဦးမလို့လား၊ ဒါနဲ့ပဲ ဝဏ္ဏာမှာ အင်္ကျီတွေ နည်းနေပြီ”

နွဲ့လေးက နှုတ်ခမ်းစူနေသည်။

“ဖွင့်စမ်းပါအေ”

ဗီရိုထဲမှာ သားအင်္ကျီ၊ ဘောင်းဘီတွေက အထပ်လိုက် ရှိနေသည်။

မသဇင် လက်က ခပ်လတ်လတ် အင်္ကျီနှစ်စုံကို ဆွဲထုတ်လိုက်သည်။ ဗီရိုပိတ်မည်လုပ်ပြီးမှ သတိရပြီး တံတောင်ဆစ်မှာ ချည်စလေးတွေ ပြုတ်ထွက်နေသည့် သိုးမွေးဆွယ်တာ တစ်ထည်ကိုပါ ထပ်ယူလိုက်သည်။ အင်္ကျီတွေ အထပ်လိုက်ကိုင်ပြီး အိမ်ရှေ့ထွက်သွားတော့ မအေတူသားက လှမ်းပြီး -

“မေမေ ဟိုကောင်လေးကို အင်္ကျီတွေ ပေးမလို့လား၊ ပေးလိုက် မေမေ၊ ပေးလိုက်”

ဟု လှမ်းပြောနေသေးသည်။

ဘောင်းဘီတိုလေးနှင့် အကျီလေးကို ချက်ချင်းဝတ်ခိုင်းလိုက်ပြီး ကျန်တာတွေကို ကောင်မလေး လက်ထဲ ထည့်လိုက်သည်။ ဆုတွေ တသီကြီးပေးပြီး ထွက်သွားသည့် ကောင်မလေးနှင့် စပို့ရှပ် အပြာရောင်လေး ရင်ဘတ်က ဝက်ဝံရုပ်ကလေးကို သဘောကျစွာ ငုံကြည့်ငုံကြည့် ထွက်ခွာသွားသော ကောင်လေးကို ကြည့်၍ ပီတိတွေ တဝေဝေနှင့် မသဇင် အိမ်ထဲပြန်ဝင်လာခဲ့လေသည်။

"မမတို့ကတော့ လုပ်တော့မယ်၊ ဟိုနားကျ ချွတ်ရောင်းစားချင် စားနေမှာ"

"အိုအေ... ဘာဖြစ်ဖြစ်၊ ချွတ်ရောင်းလို့ရရင် လေးငါးဆယ်ပေ့ါ။ ယူပါစေအေ၊ ငါ ငါ့သားလေးနဲ့ ကိုယ်ချင်းစာပြီး သနားလို့"

"ကောင်းပါ့ဗျာ၊ ထားလိုက်ရတဲ့ မေတ္တာ၊ ကရုဏာ တွေ၊ ငါ့မိန်းမက သူတော်ကောင်းဗျ"

ကိုဒွေးက ဝင်နောက်နေ၍ မသဇင်က သူ့ကိုကျတော့ ပြန်ပြောချင်လာသည်။

"ဟုတ်ပါရှင်.... ဟုတ်ပါ့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားတွေ ထွန်းကားတဲ့နိုင်ငံမှာ ကြီးပြင်းတဲ့ မိကောင်းဖခင် သားသမီးပဲဟာ၊ ဒါကြောင့်လည်း ရှင်ယူထားတာ မဟုတ်လား...ကဲ"

သူက တဟားဟားနှင့် ရယ်နေသည်။ ပြီးမှ -

"မင်းကို မပြောရသေးဘူး။ မင်း မွေးစားသားအကြောင်း"

"ဘာတုံး၊ ဖိုးတာ အကြောင်းလား"

"အေး"

"ကြားပြီးပါပြီ၊ ကြားပြီးပါပြီ၊ ဖိုးတာ ခင်ခင်တင့်နဲ့ ပြဿနာဖြစ်လို့ သူ့ဦးလေးနဲ့ပါ ဆက်ရန်ဖြစ်ပြီး နှင်ချခံရတယ်ဆိုတာ မဟုတ်လား"

"အေးလေ..... အဲဒါ မင်းက ဖိုးတာကို သံယောဇဉ်ကြီးလွန်းလို့ မေးကြည့်တာပါ။ ဘယ့်နှယ်နေလဲလို့"

မသဇင် ငိုင်ငိုင်လေး ဖြစ်သွားလေသည်။ သားကလေး ဝဏ္ဏကို မမွေးခင် ရှစ်တန်းကျောင်းသားလေး ဖိုးတာ၊ မိဘမဲ့ကလေးကို မွေးစားပြီး ကျောင်းထားပေး၊ အဝတ်အစားဆင်နှင့် သားအရင်းလို ချစ်ခဲ့ရတာ ။ ဖိုးတာ၏ ဦးလေးရဲ့မိန်းမ ခင်ခင်တင့်ကလည်း မသဇင်နှင့် ကျောင်းနေဖက် သူငယ်ချင်း အရင်းခေါက်ခေါက်ပါပဲ။ ဒါပေမဲ့ ခင်ခင်တင့်က စိတ်ပုပ်သည်။ သူကြောင့်ပဲ ဖိုးတာကို မသဇင် မွေးစားဖြစ်ခဲ့တာ။

ခင်ခင်တင့် ယောက္ခမတွေဆိုတာ ခင်ခင်တင့် အိမ်နားကို မသီနိုင်ခဲ့။ ယုတ်စွအဆုံး မွေးထုတ်သည့် အမေရင်းကိုပင် ရန်ဖြစ်လွတ်သည့် ခင်ခင်တင့်။

ဖိုးတာကလည်း ဦးလေးက ပါလာတာပေမယ့် ညဉ့်က ခင်ခင်တင့်နှင့် သွားတူလေသည်။ မသဇင် ဘယ်လို ဆုံးမ ဆုံးမ မရ။ အရက်သောက်လာပြန်ပြီ။ ဖဲရိုက်ရင်း ရန်ဖြစ်ပြန်ပြီ။ မိန်းမပြဿနာ ရှုပ်ပြန်ပြီနှင့် ၁ဂတန်းပင် မအောင်လိုက်။ နောက်ဆုံး မသဇင် မျက်ရည်စက်လက်နှင့် သူ့ဦးလေး ခေါ်ပြန်အပ်လိုက်ရသည်။ အခုတော့ ခင်ခင်တင့်နှင့် တွေ့ကြပြီ။ ခင်ခင်တင့်ကလည်း ဘယ်သူ့အပေါ်မှ မကောင်းသည့် မိန်းမ။ မသဇင် သက်ပြင်းတစ်ချက်ချ လိုက်သည်။

"ဘယ့်နှယ်မှ မနေပါဘူး။ မောင်ရယ်၊ ဥပေက္ခာပေါ့.... ဥပေက္ခာ"

ကိုဌေးက ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့သည်။ မသဇင် အမြန် ရေချိုး၊ အဝတ်လဲပြီး ရှမ်းစုဘူတာရုံသို့ သွားသည်။ ဘူတာရုံရှေ့ စက်ဘီးပေါ်ကဆင်းတော့ ကုန်တင်ကုန်ချ အလုပ်သမားလေးတစ်ယောက်က ဆီး၍ ပြောသည်။ ကိုစိုးအောင် မရှိပါတဲ့။ သူကတော့ မြို့နယ်အရာရှိနှင့် စစ်ကိုင်း ပါသွားသည်တဲ့။

နံနက်ခင်းကတည်းက လူတကာကို မေတ္တာပို့လာခဲ့သော မသဇင်...၊ ရှမ်းစုဘူတာ လမ်းဆုံမှာရပ်ရင်း တစိမ့်စိမ့် စိတ်တိုလာသည်။ ရထားလက်မှတ်က

လည်း ယနေ့ဝယ်ရမည်။ တစ်ယောက်တည်းလည်း မသွားချင်။ နီးနီးနားနား ဘယ်သူ့ခေါ်မလဲ။ ဘုရားကြီးစောင်းတန်းထဲ ဝင်ပြီး မေမောင် ခေါ်သွားရမှာလည်း သူ့မှာ ဆိုင်တစ်ဖက်နှင့်။ စဉ်းစားစမ်း၊ ဟာ.... အမှတ် (၁၁) ရဲစခန်းနားမှာ ဦးဘတုတ် ရှိနေတာပဲ။ သည်ကဗျာဆရာကြီးက အသက်လည်းကြီးပြီ။ မသဇင်တို့ကိုလည်း တူ တူမများ သဖွယ် အမြဲဆုံးမသည်။ သဘောလည်း ကောင်းသည်။ သူ့ဝင်ခေါ်သွားတာပဲ ကောင်းပါတယ်ဟု စိတ်ဆုံးဖြတ်၍ စက်ဘီးကို ဦးဘတုတ် အိမ်သို့နင်းခဲ့သည်။ အိမ်မှာ ဦးဘတုတ်ကို အဆင်သင့် တွေ့၍ အကျိုးအကြောင်းပြောပြပြီး ဘူတာရုံခေါ်လာတော့ ဦးဘတုတ်က မသဇင်နှင့် ရှောရှောရှူရှူ ပါလာခဲ့လေသည်။

"နေပူလိုက်တာ ကလေးရယ်၊ စောစော လာရောပေါ့"

"ဆွမ်းလောင်းရင်း၊ ကိုစိုးအောင် စောင့်ရင်း နေမြင့်နေတာ ဦးလေးရဲ့၊ ကြည့်ပါဦးနော်၊ အချိန်ကုန်လွယ်လိုက်တာ၊ ၁၀ နာရီခွဲနေပြီ"

တန်ခူးနေကပူပူ၊ ကတ္တရာလမ်းကပူပူနှင့် မသဇင် ပင်ပန်းလိုက်တာ။ ချွေးတွေရွှဲနေပြီ။ တစ်ဖက်ကို လှမ်းကြည့်တော့ ဦးဘတုတ်ခမျာလည်း ချွေးသံတွေ တရွှဲရွှဲနှင့် ဟောဟဲလိုက်နေပြီ။ တိုင်းမန်နေဂျာကို စောင့်ရ။ ရထားလက်မှတ်ဝယ်ရနှင့် အတော်အလုပ်ရှုပ်ပြီး ပြန်လာတော့ ၁၂း၃၀ နာရီ။ မွန်းတည့်နေကို ခေါင်းပေါ်ရွက်၍ ပြန်လာကြသည်။ ဦးဘတုတ်တို့ အိမ်ပြန်ရောက်တော့ တစ်နာရီ။ မသဇင်မှာ မျက်စိတွေပင်ပြာပြီး ခြေပစ်လက်ပစ် ပင်ပန်းနေပြီ။

ဦးဘတုတ်တို့ အိမ်ရှေ့က မန်ကျည်းပင်ရိပ်မှာ ထိုင်နားရင်း၊ အရိပ်ထဲက ပြန်ထွက်ပြီး နေပူထဲမှ အိမ်ထိ နှစ်မိုင်လောက် စက်ဘီးဆက်စီးရမှာ သေမလောက်ကြောက်နေလေသည်။

"ကလေးမ .... လာ၊ ထမင်းစားမယ်"

ဦးဘတုတ်မိန်းမ ဒေါ်မှီက ထမင်းစားလာခေါ်တော့ မသဇင် အားနာပါးနာ ငြင်းလေသည်။

“ဟာ… မစားတော့ဘူး ဒေါ်ဒေါ်၊ အိမ်ကျမှစားမယ်၊ သွားတော့မှာ”

“မဟုတ်တာ ကလေးမရယ်၊ အခုပဲ တစ်နာရီထိုးနေပြီ၊ ကလေးမ စက်ဘီးနင်းလာရတာ ဆာနေမှာပေါ့၊ လာစားလှည့် အဒေါ် ခူးထားပြီးပြီ။ ဟိုမယ် … ညည်းဦးလေး စောင့်နေတယ်”

မသဇင် လှမ်းကြည့်တော့ ထမင်းပွဲဘေးမှာ ဦးဘတုတ်ကိုတွေ့သည်။

“လာဟေ့… ကလေး၊ လာစားလှည့်”

မသဇင် ဟန်မဆောင်နိုင်တော့။ ပန်းလည်းပန်း၊ ဆာလည်းဆာမို့ ထမင်းပွဲနား ရောက်သွားတော့သည်။ ဟင်းက ထွေထွေထူးထူး မဟုတ်။ မန်ကျည်းရွက် စပ်ချဉ်ချက်၊ မြေပဲဆန်ကြော် နှင့် ငါးလေးခြောက်ကြော်။ ဒါပေမဲ့ ဟင်းစပ်ကတည့်၊ ဆာလည်း ဆာမို့ မသဇင် စား၍ ကောင်းလှသည်။

“စားဟေ့…. စားဟေ့”

နှင့် ဦးဘတုတ်ကလည်း ထမင်းတွေ ထပ်ထည့်ပေးသည်။

မသဇင် စားပြီး ဗိုက်ကြီးတင်းလို့နေလေသည်။ အဲသည့်နေ့က စားသောက်၊ စကားပြောပြီး နေကလေး နည်းနည်းအေးမှ အိပ်ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ ကိုဌေးတို့သားအဖကို တီဗွီဂိမ်းနှိပ်နေတာ အဆင့်သင့် တွေ့ရသည်။ သူတို့ကို စကားမပြောနိုင်သေး။ ဖျာပေါ်ကို အရင်ပစ်လှဲ လိုက်ရသည်။ မပြောချင်တော့ပါဘူး။ ပင်ပန်းလိုက်တာ။ နေပူထဲကို စက်ဘီးနဲ့သွားရတာ လွယ်တာမှတ်လို့။ နွဲ့လေးရေ …သံပုရာရည် ယူခဲ့စမ်းပါနှင့် မသဇင်တို့ ဆူညံသွားလေသည်။ နွဲ့လေး သံပုရာရည် လာပေးမှ ထထိုင်ပြီး -

“ကိုဌေး…. တီဗွီဂိမ်းပိတ်လိုက်စမ်းပါ၊ တတီတီနဲ့ နားကို ငြီးနေတာပဲ”

ဟု တစ်ချက် အော်လိုက်သေးသည်။

နည်းနည်းပါးပါး ပင်ပန်းလာလျှင် ပူညံပူညံ လုပ်တတ်သည့် မိန်းမ

အကျင့်ကို သိနေသည့် ကိုဌေးက တီဗွီဂိမ်းပိတ်ရင်း -

"မင်း လက်မှတ်ကိစ္စ အဆင်ပြေရဲ့လား"

ဟု မေးသည်။

မသဇင်က သံပုရာရည်ကို တဂွတ်ဂွတ် မော့ရင်း -

"အဲဒါ ပြောမလို့ပေါ့၊ ရှမ်းစုက ပုဂ္ဂိုလ် မရှိလို့ ဦးလေး ဦးဘတုတ်ကို အတင်းဝင်ခေါ်ပြီး မီးရထားရုံးသွားရတာ ၊ နေက ပူလိုက်တာ၊ လူလည်း အသားကင် ဖြစ်တော့မလို့ပဲ၊ အဘိုးကြီးလည်း သနားပါတယ်။ ချွေးတဒီးဒီးကျလို့၊ အပြန်ကျတော့ လည်း ဦးဘတုတ်မိန်းမက ထမင်းအတင်းကျွေးလို့ စားခဲ့ရသေးတယ်။ စားလို့ ကောင်းလိုက်တာဟယ်။ စေတနာ ကောင်းလို့လား မသိဘူး"

မသဇင်စကားတွေကို မျက်လုံးပြူး နားထောင်နေသည့် ကိုဌေးက -

"ဦးဘတုတ်က မင်းတို့ပြိုင်ပွဲမှာ ဝင်မပြိုင်ဘူးလား"

ဟု မေးသည်။

"ပြိုင်တယ်လေ၊ သူက မရဘူး။ ငါနဲ့ ကိုစိုးအောင်ပဲ ရတာ ၊ ရော့... နွှဲ့လေး၊ ဖန်ခွက်ယူသွားတော့၊ အမယ်လေး.... အိမ်မှာလည်း ပူတာပါပဲလား၊ ဦးဘတုတ်တို့ အိမ်ရှေ့က မန်ကျည်းပင်ရိပ်လေး လွမ်းလိုက်တာ"

မသဇင် ဖျာပေါ်ကို ဗုန်းခနဲ ပြန်လှဲချလိုက်လေသည်။ မသဇင်ကို အကဲခတ်သလိုကြည့်ရင်း ကိုဌေးက -

"ခရီးရောက်မဆိုက်၊ စကားမစပ် မင်းကိုပြောရဦးမယ်၊ ခင်ခင်တင့် အကြောင်း နံနက်ကမှ ပြောမိသေးတယ်နော်၊ သူတို့ သိန်း ၅၀ ထီပေါက်လို့တဲ့"

"ဘာပြောတယ်"

မသဇင် ကုန်းအော်ပြီး ဖျာပေါ်က ငေါက်ခနဲထလိုက်သည်။ ကြားလိုက်ရ

တာ ကို မယုံမိ။ ဘုရား ဘုရား .... ခင်ခင်တင့်လို မိန်းမက သိန်း ၅၀ ထိပေါက်သတဲ့။

"ဟုတ်လို့လားဟယ်၊ ဘယ်သူပြောတာလဲ"

မသဇင် အသံတွေ တုန်နေသည်။

"ဟုတ်ပါတယ်ကွာ၊ ခင်ခင်တင့် ကိုယ်တိုင် လာပြောတာ၊ မင်းနဲ့လည်း တွေ့ချင်လို့တဲ့၊ ဖိုးတာအကြောင်းလည်း ပြော...."

"အမယ်လေးတော်.... ဖြစ်ရပလေ၊ ကြည့်စမ်းပါဦး၊ ဒီလောက် စိတ်ကောင်းမရှိတဲ့ မိန်းမ၊ တူ တူမတွေ၊ ယောက္ခမတွေ ဖယ်ထားဦး ၊ အမေ ရင်းတောင်မှ ထမင်းတစ်နပ် မကျွေးချင်တဲ့ဟာမ၊ ဒီလောက်အူပုပ်တဲ့ မိန်းမမှ ထီက ဝင်ပေါက်သတဲ့၊ ပြီးတော့ သေးသေးမွှားမွှားလည်း မဟုတ်၊ သိန်း ၅၀ တဲ့၊ ကြည့်စမ်း၊ ငါ့ကို သူငယ်ချင်းဆိုပြီး ဘယ်တုန်းကမှ အလည်မလာဖူးတဲ့ မိန်းမက အိမ်လာလည်လို့၊ ဒါသူ ကြွားချင်လို့ လာတာ၊ အကောင်းမဟုတ်ဘူး၊ ကြွားချင်လို့လာတာ သိလား မောင်"

မသဇင် ပြောရင်း ပြောရင်း ဆို့ဆို့နင့်နင့် ဒေါသတွေ ဖြစ်လာသည်။ ကိုယ့်မှာတော့ လုပ်လိုက်ရတဲ့ ကုသိုလ်၊ ထားလိုက်ရတဲ့ မေတ္တာ၊ ဟိုဘက် သည်ဘက် မိဘတွေအတွက် ထမင်း၊ ဟင်း၊ အစားအသောက်၊ ဆေးဝါး၊ အဝတ်အစား၊ လိုလေသေးမရှိ။ သည်လောက် ကုသိုလ်ကောင်းမှုတွေ လုပ်နေပါလျက်နှင့် ထီများက မပေါက်။ ခင်ခင်တင့်လို မိန်းမကျတော့ သိန်း ၅၀ တဲ့။ ဖြစ်ရလေ။ တွေးရင်းတွေးရင်း ရင်ထဲမှာ ဇလောင်ဆူပွက် လာလေသည်။ မျက်နှာကလည်း ရှုံ့တွ၍ အဆမတန် ပျက်ယွင်းနေမှာ သေချာသည်။ ဣဿာ၊ မစ္ဆရိယတွေက တစ်ကိုယ်လုံးကို လွှမ်းဖုံး၍ ဒေါသတွေ တရိပ်ရိပ် ထိပ်တက်လာကြသည်။

အသက်ရှူတာပင် မမှန်တော့။ နည်းနည်းလေးကြာမှ တဖြည်းဖြည်း ငြိမ်သက်လာပြီး သတိရသွား၍ ကိုဒွေးကို လှမ်းကြည့်လိုက်တော့ ပါးစပ် အဟောင်းသားဟ၍ သူ့ကို ငေးကြည့်နေတာ တွေ့ရသည်။ နွဲ့လေးကလည်း ဖန်ခွက်

လေးကိုင်ပြီး ငေးလို့၊ မသဇင် မလုံမလဲ မေးသည်။

“ဘာ ကြည့်နေတာလဲ”

“မင်း ဘာဖြစ်နေတာလဲ”

“ဘာဖြစ်လို့လဲ”

“မင်း ဖြစ်သွားတယ်။ ခင်ခင်တင့် ထီပေါက်တာကြားပြီး မင်း ဖြစ်သွားတယ်။ တစ်ခုခု ဖြစ်သွားတယ်။ ဘာဖြစ်တာလဲ”

“ဘာမှ မဖြစ်ပါဘူး။ ဒီမိန်းမ ထီပေါက်တာ အံ့သြလို့ပါ”

“မင်း အံ့သြတာတင်မကဘူး။ ခင်ခင်တင့်ကို မနာလို ဝန်တိုပါ ဖြစ်သွားတာ”

ကိုဒွေးစကားက နားထဲကို စူးရှစွာ ထိုးစိုက်ဝင်သွားလေသည်။ မသဇင် ခါးခါးသီးသီး ပြန်အော်သည်။

“ဘာ... မနာလိုဖြစ်ရမှာလဲ၊ သူ့ကံနဲ့သူ ပေါက်တာ၊ ငါက ဘာလုပ်ရမှာလဲ၊ ထီပေါက်မှ ထမင်းစားရမှာမှ မဟုတ်တာ”

“ဟောဟော..... အဲဒါပေါ့၊ ဣဿာ၊ မစ္ဆရိယရဲ့ နောက်မှာ မာနက စစ်ကူပါလာသေးဗျာ၊ ခုပဲ ငါ့ကို အော်နေပြီ၊ ဒီလို မျက်နှာမျိုး၊ လေသံမျိုးနဲ့ မင်းမှာ ခါတိုင်းမရှိဘူး။ ဆွမ်းလောင်း၊ မေတ္တာပို့နေတဲ့ အချိန်မှာ သိမ်မွေ့နူးညံ့လို့၊ ဒါကြောင့် ဆရာတော်ကြီးများက သတိတရား အမြဲထားရမယ်လို့ မိန့်တော်မူကြတာပဲ၊ တော်တော့်ကို တော်ပါတယ်လို့ သတ်မှတ်ထားတဲ့ ငါ့မိန်းမတောင်မှ လောဘ၊ ဒေါသ၊ မောဟ ရန်သူ ဝင်လာတဲ့အခါမှာ ဗြဟ္မစိုရ်တရား လက်လွှတ်သွားသေးတယ်။ မင်းဟာလေ.... ဦးဘတုတ် လောက်တောင်မှ ဗြဟ္မစိုရ်တရားတွေ မရှိဘဲကိုကွယ်”

“နေပါဦး.... ခင်ခင်တင့် အကြောင်းကနေ ဗြဟ္မစိုရ်တွေ၊ ဦးဘတုတ်တွေက ပါလာရတာ လဲ”

ကိုဌေးက သိမ်မွေ့စွာ တစ်ချက်ပြုံးလိုက်သည်။

"ဒီလိုလေ မိန်းမရဲ့၊ စာပေပြိုင်ပွဲမှာ မင်းရယ်၊ စိုးအောင်ရယ်၊ ဦးဘတုတ်ရယ် ပြိုင်ကြတယ်။ မင်းတို့နှစ်ယောက်က ရတယ်။ သူက မရဘူး။ ဟုတ်တယ် မဟုတ်လား"

"အင်း"

"ဆုရတဲ့ မင်းက ဆုယူသွားဖို့ လက်မှတ်ဝယ်တာ၊ မရတဲ့ ဦးဘတုတ်က အပင်ပန်းခံပြီး မင်းနဲ့လိုက်ဝယ်ပေးတယ်။ ဒါတင်မကဘူး။ ခေါ်သွားတဲ့မင်းက ကျွေးရမွေးရမှာကို သူက ထမင်းကျွေးလိုက်သေးတယ်။ မင်း ဆုရတာ ကို မနာလိုဝန်တို မဖြစ်တဲ့အပြင် မင်းအပေါ်မှာ မေတ္တာ၊ ကရုဏာနဲ့ ကူညီတယ်။ ဒ့ါအပြင် သူများ ကောင်းစားတာကို ဝမ်းမြောက်တဲ့စိတ်ဓာတ် အပြည့်ရှိတယ်။ အားကောင်းလိုက်တဲ့ မုဒိတာကွယ်။ ငါ ကြည်ညိုလိုက်တာ"

"ဆက်ပါဦး...."

မသဇင် ငေ့ါသည်။

"မင်းကတော့ လူတကာကို မေတ္တာထားတယ်။ နိမ့်ကျသူတွေ အပေါ်မှာလည်း ကရုဏာရှိတယ်။ ဆယ်ယူမရသူတွေကိုလည်း ဥပေက္ခာပြုနိုင်တယ်။ ဒါပေမဲ့ အရေးအကြီးဆုံးအချက်က အချင်းချင်းတန်းတူထဲက ကိုယ့်ကို ကျော်လွန် ကောင်းစားသွားတဲ့အခါ သူ့အပေါ်မှာ စိတ်ကောင်းထားဖို့ သတိလွတ်ပြီး မနာလို ဝန်တို စိတ်ရိုင်းတွေက နေရာယူသွားကြပြီး မုဒိတာတရား ပျောက်ကွယ်သွားတော့ တယ်လေကွယ်။ မင်း ခင်ခင်တင့် အပေါ်မှာ အဲဒီ လို ဖြစ်သွားတယ်"

မသဇင် ဖြေစရာ မရှိပါ၊ ငိုင်နေသည်။

"အဲဒါပါပဲ မိန်းမရယ်။ ဗြဟ္မစိုရ်တရား လေးပါးထဲမှာ မုဒိတာဆိုတာ လူတော်တော်များများ ထားနိုင်ခဲ၊ ကျင့်သုံးနိုင်ခဲတဲ့ တရားပါ၊ မင်းရှေ့မှာ လက်တွေ့

ကျင့်သုံးပြသွားတဲ့ ဦးဘတုတ် နမူနာရှိနေပြီ။ မင်းမှာ မူလအခြေခံ ကောင်းပြီးသား ပါ။ နောက်ပြီး တို့များရဲ့ မြန်မာနိုင်ငံဟာလည်း ဗြဟ္မစိုရ်တရား ထွန်းကားတဲ့ နိုင်ငံ ပါ။”

မသဇင် မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်အိုင်လို့လာလေသည်။ ကိုငွေး၏ စကားသံအေးအေးက ဆက်လက် ထွက်ပေါ်နေသည်။

“ကိုယ့်အတွင်းစိတ်ထဲမှာ ငုပ်လျှိုးပြီး သတိတစ်ချက် လွတ်တာနဲ့ ပွင့်အန်ထွက်လာရင် ကိုယ့်နှလုံးအိမ်ကို အရင်ဆုံးလောင်မြိုက်မယ့် မနာလိုဝန်တို မီးလျှံကို မုဒိတာအားကောင်းအောင် ပြုပြင်ပါလို့ မောင်ပြောချင်တယ်၊ မောင့်ကို ကတိပေးမလားဟင်”

မျက်တောင်ကို တဖျပ်ဖျပ်ခတ်လိုက်တော့ ဝေ့လည်နေသည့် မျက်ရည်စတွေက လွင့်စဉ်၍ သွားကြလေသည်။ စိုလက်ရွှန်းမြနေသည့် ဖိတ်ဖိတ်တောက် မျက်ဝန်းတွေက ကြည်စင်နေလေသည်။ အေးချမ်းသည့် နှလုံးသားဖြင့် ကိုငွေးကို မော့ကြည့်ရင်း မသဇင် ခေါင်းကို အသာအယာ ညိတ်ပြလိုက်လေသည်။

၁၉၉၈ ငွေတာရီ တထ္ထုတိုပြိုင်ပွဲ အထူးဆု။

**ငွေတာရီ မဂ္ဂဇင်း၊**

**၁၉၉၉ ခုနှစ်၊ ဩဂုတ်လ။**

*